ဝိုးညို

# My Excellent Husband

(Chapter - 2)



## အပိုင်း(၆)

"ထိုင်နှင့်ဦး ... ကိုယ်ရေချိုးလိုက်ဦးမယ်။ ပြီးမှ စကားအေးဆေး ပြောကြတာပေါ့"

"ဟုတ် ဟို ... ကျွန်တော် ကူပေးမယ်လေ"

အပြောထက် လက်ကမြန်စွာ မောင့်ရင်ဘက်မှ ကြယ်သီးများအား ဖြုတ်ပေးနေပြီဖြစ်၏။ လစ်ဟာသွားသော အင်္ကျီအောက် ပေါ်ထွက်လာသည့် အသားဆိုင်တို့က အကြည့်မလွှဲချင်စရာ။ မိုမိုနှင့်ယှဉ်လျှင် မောင်က အတော်အသားလှသည့်ထဲ ပါသည်ဟုပြောရမည်။ ဖြူသည်လည်းမဟုတ် မြန်မာဆန်သည့်အသားအရေက ဝင်းနှစ်နေ၏။ ဗိုက်မှထင်ရှားလှသည့်ကြွက်သားအမြှောင်းများမှာ အကြည့်မလွှဲချင်စရာ။ ထိုထဲတွင်မှ အင်္ကျီချွတ်ပြီးနောက် ပေါ်လာသည့် ကျောပြင်ကျယ်တွင် စုတ်ထိုးထားသည့်နဂါးပုံက မောင့်အား ရစ်ပတ်ထားသကဲ့သို့ အသက်ဝင်လွန်းလှသည်။

မိုမို သတိလက်လွတ်ဖြင့် ထိကိုင်ကြည့်မည်အပြု ...

"ကြည့်လို့ပြီးပလား။ မပြီးသေးလည်း ထွက်လာမှပဲ ကြည့်တော့နော်။ ရေချိုးဖို့ နောက်ကျနေပြီမို့ ..."

"အဟွတ် ... အဟွတ် ... ဘယ်သူကများ ကြည့်နေလို့လဲ"

မောင်ဟာ မကြည့်ရင်လည်း ပြီးတာပဲဟူသောပုံစံဖြင့် မျက်ခုံးပင့်ပြကာ တဘက်တစ်ထည်အား ပခုံးတင်လျက် ရေချိုးခန်းထဲသို့ ဝင်သွားတော့၏။

'အား ... ရှက်ဖို့ကောင်းလိုက်တာ သေလိုက်ပါလား မိုမိုရယ်'

ကျန်နေခဲ့သော မိုမို့မှာသာ ခုတင်ပေါ်လိမ့်ရင်း မောင့်အား နှာဘူးကလေး လုပ်မိသည်အတွက် ရှက်သွားရကာ ခြုံစောင်ကြီးထဲသို့တိုးဝင်၍ အိပ်ချင်ယောင်ဆောင် နေလိုက်တော့သည်။

လွင်မင်းခန့်မောင် ရေချိုးပြီး ပြန်ထွက်လာသောအခါ ခုတင်ထက်တွင် စောင်ခေါင်းမြီးခြုံကာ ပုန်းနေသော ကောင်ငယ်လေးအား တွေ့လိုက်ရ၏။ မိမိအင်္ကျီစချွတ်သည်အား ကူညီပေးရန် ်လှမ်းကြည့်နေသော ကောင်လေးမှာ ကျောဘက်ဆေးမှင်ရုပ်ကိုသာ ဟန်မဆောင်နိုင်အောင် သဘောကျသွားမှန်း သိ၏။ သို့သော ်ရုပ်တည်ကြီးနှင့် စလိုက်သည့်တွင် နားရွက်များနီလာပြီး ရှက်သွားသည်မှာလည်း လွန်စွာချစ်ဖို့ကောင်းပေစွ။

အရှက်အကြောက်ကြီးပုံရသည့် ထိုအကောင်သေးသေးလေးအား ကြာကြာ ရှက်မနေစေရန် ထုတ်ပေးထားသည့် အဝတ်အစားတို့အား အမြန်လဲကာ ခုတင်တစ်ဖက်တွင် ဝင်ထိုင်လိုက်ပြီး ...

"ဟေ့ စောင်ကြီး ခြုံထားရတာ အသက်ရှုမကျပ်ဘူးလားကွ"

စောင်ထုပ်ကလေးအား လက်ဖြင့် အသာလှုပ်ကာ မေးလိုက်သော်လည်း စကားပြန်မရ။

"ဟေ့ ထပါဦးကွ စိတ်ဆိုးသွားတာလား ဟုတ်လား။ ကိုယ်လည်း ဘာမှမလုပ်မိပါဘူးနော် မင်းပဲ အရင်ဆုံး ကိုယ့်ကို ..."

ထိုအခါမှ အညိုရောင်ကလေးမှာ စောင်ထုပ်ထဲမှ ဝုန်းခနဲ ထွက်လာပြီး လျှင် ပါးနှစ်ဖက်မှာ မက်မွန်ရောင် ရေးရေးထင်ကာ ဆံပင်ကောက်ကောက ်ပျော့အိလေးများမှာလဲ ရှုပ်ပွနေလျက် သူ့အား ကက်ကက်လန်အောင်ရန်တွေ့တော့၏။

"ဘာလဲ ... မင်းပဲ အရင်ဆုံး ဘာဖြစ်သလဲ ဆက်ပြောလေ ... ကျွန်တော်က

သည့်အတိုင်း ..."

မိုမိုမောင့်အား ဘာပြန်ပြောရမည်ကို မျက်လုံးထောင့်ကပ်ကာ အသည်းအသန် စဉ်းစားနေ၏။

"သည့်အတိုင်း ဘာဖြစ်သလဲ ..."

မောင်က ပြုံးစိစိနှင့် ဆက်ပြောလေဟူ၍ မျက်စပစ်ပြ၏။

"ကိုယ့်ယောကျ်ားကို ကြည့်တဲ့ဟာပဲ ဘာဖြစ်သလဲ ...။ ဘာပြုလို့ လူကို ရှက်အောင်လို့ လိုက်စနေရသလဲ။ မောင်က ဆိုးလိုက်တာ။ တော်ပြီ ... ကျွန်တော် အိပ်တော့မယ်"

ထိုကောင်ငယ်လေးမှာ သူ့ဟာသူ ဘာပြောခဲ့မှန်းတောင် သိဟန်မတူ။ ပြောချင်ရာပြောပြီး လိပ်ကလေးနှယ် စောင်ပုံထဲပြန်ဝင်သွား၏။ လွင်မင်းခန့်မောင်မှာသာ မောင်ဟူသော နာမ်စားကြောင့် ရင်တွင်းတစ်နေရာ၌ ပြင်းစွာ ခုန်ပေါက်လာသော အကောင်အား အသက်ရှူအောင့်ကာ ငြိမ်အောင် ထိန်းနေရတော့သည်။

'မောင် ... မောင်တဲ့လားကွ'

ရုတ်တရက် တိတ်ဆိတ်သွားသော အခြေအနေကြောင့် မိုမို စောင်အား အသာဟကာ ကြည့်လိုက်သော် မိမိအား စိုက်ကြည့်နေသော မောင့်ကို တွေ့လိုက်ရသဖြင့် ကြောင်တောင်တောင်ပင် ဖြစ်သွားရ၏။

"ခုနက ကိုယ့်ကို ဘယ်လိုခေါ်လိုက်သလဲ မိုမို"

ထိုအခါမှ မောင်ဟုခေါ်မိကြောင်း အမှတ်ရကာ မျက်နှာများ နီရဲတက်လာရသည်။ ပါးနှစ်ဖက် မက်မွန်ရောင်ထလျက် စောင်ထုပ်ထဲသို့ဝင်ပုန်းမည့်ဟန် ပြင်နေသော ထိုကောင်လေးအား လက်နှစ်ဖက်ကို လှမ်းချုပ်ထားလိုက်ကာ ...

"ဘယ်ဝင်ပြေးဖို့ စဉ်းစားနေသလဲ။ ပြောပါဦး။ ခုနက ကိုယ့်ကို ဘယ်လို ခေါ်လိုက်တာ ..."

"ဘယ် ... ဘယ်လိုမှ မခေါ်ပါဘူးဗျ။ ဟို ... နားကြားမှားတယ ်နေမှာပါ"

"အော့ ..."

ရှက်ရမ်းရမ်းကာ သူမဟုတ်ကြောင်း အသည်းအသန် ငြင်းနေသော ခင်ပွန်းငယ်အား အသည်းယားလာဟန်ရှိသော မြို့အုပ်မင်းကြီးမှာ ထို ကောင်ငယ်လေး၏ ညိုအိအိ ပါးဖောင်းဖောင်းကြီးအား ကုန်းကာ ကိုက် လေတော့သည်။

"ဘာလို့ သည်လောက် ချစ်ဖို့ကောင်းအောင် နေနေရသလဲ မိုမို။ မောင်မင်းကို သိပ်အသည်းယားလာပြီ"

နားနားကပ်ကာ ခပ်တိုးတိုး စကားဆိုလာသော မောင့်ကြောင့် ရန်တွေ့ရန် နှုတ်ခမ်းပြင်နေသော မိုမိုခင်မျာ မျက်နှာကြီးနီလာကာ ပြောမည့်စကားပင် မေ့သွား၏။ ရေချိုးပြီးကာစ လတ်ဆတ်သော ကိုယ်သင်းနံ့နှင့် မောင့်အခုပုံ စံက ရူးလောက်အောင် ဆွဲဆောင်နေသည်လေ။

"ဒီမယ် မောင်ပြောပြမယ်။ အခုဆိုရင် မောင်တို့က နှစ်ဦးသဘောတူလို့ ရော စာချုပ်စာတမ်းအရပါ အကြင် ... အဲ့ ... အိမ်ထောင်ဘက်တွေ ဖြစ်နေ ကြပြီ။ ဒါကြောင့် တစ်ယောက်နဲ့တစ်ယောက် အရင်ကထက်ပိုပြီး ပွင့်ပွင့် လင်းလင်းရှိဖို့လိုတာ သိသလား။ ဒီဘာမှ မဟုတ်တာလေးကိုတောင် ရှက် နေရင် နောက်နောင် ဒီထက် အဆင့်တက်တဲ့အခါကျ မောင်တို့ ဘယ့်နှယ် လုပ်ကြမတုံး"

"ဘာ ... ဘာကို ဘယ့်နှယ် လုပ်ရမှာလဲ ..."

"မသိချင်ယောင်ဆောင် နေတယ်ပေါ့။ အဟက် ... ရတယ်လေ ဒါမျိုးဆို

မောင်က သိပ် ... သိပ်သင်ပေးချင်တာ"

မောင်က ပြီတီတီမျက်နှာကြီးဖြင့် ရှေ့သို့တိုးလာလေရာ ...

"ဟင့်အင်း ... မလုပ်ပါနဲ့။ ကျွန်တော့်ကို ... မလုပ်ပါနဲ့"

မိုမို မောင့်အား ကြည်ဖြူချင်ပါသော်လည်း အရင်ဘဝရော၊ ယခုဘဝမှာပါ မိုမို့အတွက် ပထမဆုံးအကြိမ် ဖြစ်လေရာ ကြောက်လန့်တကြားဖြင့် အသည်းအသန် ငြင်းမိတော့သည်။

"ဘာလို့သလဲမိုမို ... မောင် မင်းကိုထိတွေ့တာ သဘောမကျဘူးလား"

"မဟုတ်ရပါဘူး။ ဟို ... ခုက ကျွန်တော် အဆင်သင့်မဖြစ်သေးလို့ ကြောက်တယ်။ နောက်များမှပေါ့နော် ..."

"ကောင်းပြီလေ။ ဒါဖြင့် မောင်လို့ခေါ်ချည် ...။ သည်လိုဆို မောင် မင်းကိုမ ထိတော့ဘူး။ သည်လိုမှမဟုတ်ရင်တော့ ပါးတွေနီရဲလာအောင် ဖက်နမ်းပစ်မယ်။ မယုံမရှိနဲ့ဗျ။ ကျုပ်တကယ်လုပ်မှာ"

"... ..."

"မခေါ်သေးဘူးလား ... ဒါဆို ..."

မောင်က တကယ်လုပ်မည့်ဟန် မျက်နှာကြီး ရှေ့သို့တိုးလာသဖြင့် ...

"ခေါ်ပြီ ခေါ်ပြီဆို ... မောင်"

"ဗျာ ..."

"အင့် ... ခေါ်ပြီးပြီ လွှတ်တော့လေ ကျွန်တော် လက်နာနေပြီ ..."

"ဟုတ်ပြီ လိမ္မာတယ် မွ ... မွ ..."

မောင်က ချက်ချင်းမလွှတ်ပေးဘဲ မိုမို့ပါးနှစ်ဖက်လုံးအား တမွမွနှင့် နှာခေါင်းချွန်ကြီး နစ်ဝင်မတတ် နမ်းရှိုက်လာ၏။

"ပြောတော့ဖြင့် မောင်လို့ခေါ်ရင် မနမ်းဘူးဆို။ ကတိလည်းမတည်ဘူး ဟွန့် ..."

"အလိုလေး ... စွာလိုက်တာနော်။ မောင်က မင်းကို လိမ္မာလွန်းလို့ ဆုချလိုက်တာပါဗျ ..."

မသိလျှင် သူမှန်သည့်အတိုင်း ရပ်တည်ကြီးနှင့် ဖြေရှင်းချက် ပေးလာ၏။ မိုမို မကျေမနပ်ဖြစ်စွာ မောင့်အား မျက်လုံးများမှေး၍ လူမိုက်ကြည့်ကြည့်လိုက်ပါမှ တဟားဟားနှင့် အကျယ်ကြီး ထရယ်တော့သည်။

"ကဲ ကဲ မောင် မစတော့ဘူး သည်တစ်ခါအတည်ပြောမယ်။ မင်းမယ်မောင့်ကို မေးစရာတွေ ပြောစရာတွေများ ရှိသလား။ ရှိရင်ဖြင့် ပွင့်ပွင့်လင်းလင်း မေးနော်။ မောင့်လက်တွဲဖော်ဖြစ်လာမယ့်သူက မောင့်အကြောင်းကို သူများတွေပြောတာကြောင့် သိရတယ်လို့ မဖြစ်စေချင်ဘူး။ မင်းသိချင်ရင် ပွင့်ပွင့်လင်းလင်းသာမေး မောင် မချွင်းမချန် ပြောပြပေးမယ်"

"အဲ့လိုရသလားဗျ ..."

"ရပ့ါဗျာ ..."

"သည်လိုဆို မောင့်မိဘတွေအကြောင်း သိချင်တယ်"

မောင်က မိုမို့နံဘေး တင်ပျဉ်ခွေထိုင်နေရာမှ ခုတင်ခေါင်းရင်းကို မှီ၍ပြင်ထိုင်၏။ မိုမို့ကိုယ်လေးအား ဆွဲမကာ သူ့ပေါင်ပေါ်ခေါင်းအုံးစေပြီး အောက်လျှောကျနေသော စောင်ကို နှစ်ယောက်လုံအောင် လွှမ်းခြုံလိုက်၏။

"မောင့်အဖေနာမည်က ဦးငွေမောင်တဲ့ အငြိမ်းစားစစ်ကဲကြီး။ မေမေ့နာမည်က ဒေါ်သင်းကြိုင်။ ကြီးကြီးနှင်းမြိုင်က မေမေ့အစ်မ အရင်းခေါက်ခေါက်။ မေမေတို့ကကျ ကုန်သည်မျိုး။ မြစ်ဝကျွန်းပေါ်မြို့ကလေးမှာ မျိုးရိုးစဉ်ဆက် ကုန်သည်ပွဲစား လုပ်ခဲ့ကြတာ။ ဖေဖေက အဲဒီမြို့မှာ တာဝန်

ကျရင်းနဲ့မှ မေမေနဲ့အကြောင်းပါခဲ့တယ်လို့ ပြောရမယ်။ မေမေ ဖေဖေနဲ့ယူပြီး နယ်တွေလိုက်ရတော့ ကြီးကြီးကပဲ မိဘလက်ငုတ်စီးပွားရေးကို တာဝန်ယူခဲ့တယ်။ ညီမနှစ်ယောက်တည်းရှိတာကို ..."

"ဒါဖြင့် ကြီးကြီးက အိမ်ထောင်မပြုဘူးလား"

"အင်း ... ကြီးကြီးက အလုပ်သရဲလေ။ ပြီး ... သူ့ညီမကို အရမ်းချစ်တာ။ တစ်ခုခုဆို သူ့ညီမကိုပဲ ဦးစားပေးရင်း အရွယ်လွန်သွားတဲ့ သဘောပေါ့ ..."

"အဟွန်း ... သည်လိုလား"

"အင်း ...။ ဖေဖေက မောင် ရန်ကုန်မယ် ကောလိပ်လာတက်တဲ့ အချိန်မှာ ဆုံးသွားခဲ့တာ။ မေမေကတော့ မောင်ဘွဲ့ရပြီးမှဆုံးတာ။ သူမဆုံးခင် မောင် တစ်ယောက်တည်း ဖြစ်နေမယ်စိုးလို့ဆိုပြီး နုဒါအမေနဲ့ နေရာချပေးသွားခဲ့ပေမဲ့လည်း သူလည်း သက်ဆိုးမရှည်ပါဘူး။ နုဒါလေးကိုမွေးရင်း ဆေးရုံမှာပဲ ဆုံးသွားခဲ့တယ်။ သူ့နာရေးတောင် မမီလိုက်ပါဘူး။ မောင်ဘိလပ် ရောက်နေလို့"

"ဒါဖြင့် နုဒါလေးက သူ့အမေကို မမြင်ဖူးလိုက်ဘူးပေါ့"

"အင်း ...။ သားက ငယ်ငယ်လေးကတည်းက နို့ထိန်းတွေ လက်ပေါ်မှာပဲ ကြီးခဲ့ရတာ ..."

သည်အကြောင်းတွေက မိုမို ခုမှပထမဆုံး ကြားဖူးခြင်းပင်။ အရင်ဘဝက ဖြင့် မောင့်အား ကြောက်သည်ကတစ်ကြောင်း သည်အိမ်အရေးအား မိမိနှင့် မဆိုင်ဟု သတ်မှတ်ထားသည်က တစ်ကြောင်းကြောင့် မသိလိုက်မသိဖာ သာသာ နေခဲ့မိ၏။ လက်ထပ်သည်ကိုလည်း တာဝန်အရဟုသာ မှတ်ယူထားပြီး မောင့်အား အနားသို့အကပ်မခံဘဲ မင်္ဂလာဆောင်ပြီးကတည်းက အခန်းခွဲနေကြဖို့သာ တောင်းဆိုခဲ့လေသည်။

"သားက သနားဖို့ကောင်းလိုက်တာ ..."

"အင်း ... တခြားဟာတွေထက် သားငယ်ကို အချိန်မပေးနိုင်ခဲ့လို့ မောင် တာဝန်မကျေသလို ခံစားရတယ်။ သားက မောင်နဲ့အခုထိ သူစိမ်းလိုပဲ။ ခုတလော ပိုပြီးချူချာလာတယ်။ မောင်ဖြင့် သိပ်စိတ်ပူတာပဲ။ နို့ထိန်းတွေ ကိုလည်း တစ်ယောက်ပြီးတစ်ယောက် ပြောင်းရတာ သိပ်စိတ်ညစ်လာပြီ။ ဒါကြောင့် သားအတွက် အမေတစ်ယောက်ရှာဖို့ တိုက်သူကြီးမင်းကမ်းလာ တဲ့ စေ့စပ်ဖို့ကိစ္စကို အမြန်လက်ခံလိုက်တာ"

မိုမို မောင့်အား ကရုဏာသက်စွာဖြင့် မော့ကြည့်မိ၏။ နုဒါလေးသည် မော င့်၏တစ်ဦးတည်းသော သွေးသားဖြစ်သောကြောင့် မောင်ဟာသားအား ဘယ်လောက်ချစ်မှန်း ခံစားမိ၏။ သို့သော်မောင်က ဘယ်သောအခါမှ ချစ်သည်ကိုထုတ်မပြခဲ့။ ပြီး ... မိုမို မသေဆုံးခင်က မှတ်ဉာဏ်များအရ မိုမို အိမ်ပြန်ရောက်လာသောအချိန်သည် နုဒါလေးနာရေးလုပ်နေသည့် အချိန် တွင်ဖြစ်၏။ မည်သည့်ရောဂါဖြင့် ဆုံးခဲ့သည်ကို သေချာ မသိရသော်လည်း ဆယ့်သုံးနှစ်ဆိုသောအရွယ်က ရောဂါမည်မည်ရရမရှိဘဲ သေဆုံးဖို့ရာ စော လွန်းလှသည်။

သားဆုံးပြီးနောက် တစ်စတစ်စ ယိုယွင်းလာမည့် မောင့်အခြေအနေ။ ခြောက်ကပ်တိတ်ဆိတ်နေသည့် အိမ်ကြီးထဲ အသက်ရှင်နေသည့် သက်တမ်းတစ်လျှောက် မိမိကိုယ်ကို အပြစ်တင်စိတ်နှင့်နေထိုင်နေမည့် မောင့်ကိုတွေးကြည့်မိတော့ မောင့်မျက်နှာအား မကြည့်ရဲစွာ မျက်လုံးတို့ကို ပိတ်ချမိ၏။

'အားလုံးက ကျွန်တော် အသုံးမကျခဲ့လို့ ဖြစ်ခဲ့ရတာတွေပါ။ ခုချိန်ကစပြီး သားကိုရော၊ မောင့်ကိုရော ကျွန်တော် အစွမ်းရှိသလောက် ကာကွယ်စောင့် ရှောက်ပေးမှာမို့ မောင်က စိတ်မပူပါနဲ့တော့'

မိုမိုထိုစကားကို စိတ်ထဲကသာပြောလိုက်ပြီး ခြောက်ကပ်ကပ်လေထုကို အသက်သွင်းဖို့ရာ စကားလမ်းကြောင်း လွှဲရပေသည်။

"ဟို ... ကျွန်တော်သိချင်တာ နောက်တစ်ခု ရှိသေးတယ်။ အစတုန်းက မောင် ကျွန်တော်နဲ့ လက်ထပ်ရမယ်ဆိုတော့ တအား ဒေါသထွက်သွားတာ မလား။ ပြီး ... ချက်ချင်း ဘယ့်နှယ်ကြောင့် လက်ခံလိုက်တာလဲဟင်။ အဲဒါ ကျွန်တော် သိပ်သိချင်နေတာ ..."

"အဟင်း ... ဟင်း.."

မောင်က မိုမို့အမေးကို သဘောကျသလိုရယ်သံပြု၏။

"အဲ့သည့်မေးခွန်းကို ဖြေရမယ်ဆိုရင်ဖြင့် မောင် မင်းနဲ့မတွေ့ခင် အချိန်ထိ တော့ မောင်လက်ထပ်မယ့်သူဟာ မိန်းမကောင်းလေးတစ်ယောက် ဖြစ်ရ မယ်လို့ပဲ တွေးထားတာ။ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ရမယ်လို့ သိ လိုက်တဲ့အချိန်မှာ သိပ်ဒေါသထွက်သွားခဲ့တာလည်း အမှန်ပဲ။ မောင့်ကို လူအများရှေ့မယ် သက်သက်အရှက်ခွဲဖို့ စီစဥ်ထားတယ်ပဲ ထင်ခဲ့တာ။ မင်း နဲ့ စကားပြောပြီးနောက်တော့ ဒီကောင်လေးကို လက်လွှတ်လိုက်ရင် သိပ် ကိုနောင်တရသွားမယ်လို့ မောင်ခံစားရတယ်။ မင်းမိသားစု အခြေအနေ တွေကို သိပြီးတော့ ပိုလို့တော့တောင် သေချာသွားတယ်။ မင်းဟာ မောင် ကာကွယ်ထွေးပွေ့ရမယ့် လူတစ်ယောက်လို့ပြောရင် ယုံမှာလား မသိ ပေမဲ့ မောင့်ဘဝမှာ မင့်နဲ့တွေ့ပြီးမှပဲ သည်လိုရပ်ရှင်ဆန်ဆန်တွေ ခံစားဖူးတာ ... နည်းနည်းတော့ ရယ်စရာကောင်းတယ်မလား"

မောင်က သူ့အဖြစ်သူသဘောကျသလို လည်ပင်းအားကုတ်ကာ ရှက်ရယ် ရယ်နေ၏။ မိုမို့မှာသာ အသက်ရှူအောင့်ထားရသဖြင့် မျက်နှာပင်ရဲလာရ သည်။ သားရဲကြီးများရှက်လျှင် သိပ်ချစ်စရာ ကောင်းပေစွတကား။

"မြင်မြင်ချင်းအချစ်လို့ ခေါင်းစဥ်တပ်မရသေးပေမဲ့ ကိုယ်မင်းကိုပိုင်ချင်

တယ် မိုမို။ ပြီးတော့ မောင်တစ်ခုလောက် ကတိတောင်းချင်တယ်"

"ဘာများလဲ ... ဟင်"

"မင်းအတိတ်မယ် ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ မောင်ဂရုမစိုက်သလို စိတ်လည်း မဝင်စားဘူး။ မောင်က အတိတ်ကို တသသတွေးပြီး လွမ်းဆွတ်နေတာထက် လက်ရှိပစ္စုပ္ပန်ကို ဂရုစိုက်ပြီး အနာဂတ်ကို ပုံဖော်ရတာပဲ သဘောကျတယ်။ ဒါကြောင့် မောင်နဲ့အတူတူ အနာဂတ်ကို ပုံဖော်မယ်လို့ ဆုံးဖြတ်ပြီးထားရင် မောင့်တစ်မျက်နှာပဲကြည့်ပြီး သစ္စာရှိပေး ...။ မင်းရဲ့ကောင်းခြင်း၊ ဆိုးခြင်းအားလုံး မောင်လက်ခံမယ်။ မောင့်ကို အဲ့ကတိပေးနိုင်သလား"

"ကောင်းပါပြီ ... ကျွန်တော် ကတိပေးပါတယ်"

"ကျေးဇူးပါ ... မောင့်အချစ်"

မျက်လုံးတည့်တည့် စိုက်ကြည့်ကာ ခပ်တိုးတိုးပြောလာသည့် ချစ်စကားကြောင့် သည်တစ်ခေါက် ရှက်ရွံ့စွာ မျက်နှာလွှဲမိသည်က မိုမိုဖြစ်သွားရသည်။ မိုမို့ ပါးနှစ်ဖက်သည်လည်း မောင့်ကြောင့် မက်မွန်ရောင်တို့ ပြယ်နိုင်တော့မည်မထင်။ ထို့ကြောင့် ...

"ဟို ... ကျ ... ကျွန်တော် အိပ်ချင်နေပြီ"

"ကောင်းပါပြီ။ မောင် မီးသွားပိတ်လိုက်ဦးမယ်"

မောင်က မီးပိတ်ပြီး သူ့နေရာတွင်ပြန်လာလှဲကာ မိုမို့ခေါင်းအား သူ့လက်မောင်းပေါ်တွင် ခေါင်းအုံးစေ၏။ မိုမိုလည်း မောင့်ရင်ဘတ်ကြီး၏ နွေးထွေးသော အငွေ့အသက်ကြောင့် မျက်လုံးများစင်းလာ၏။ ထို့နောက် မိုမို့နဖူးနွေးသွားသည်ကို ခံစားလိုက်ရပြီး တဖြည်းဖြည်း အိပ်မောကျသွားတော့၏။

***

တန်ဆောင်မုန်းလလယ်သို့ ရောက်လာပြီဖြစ်ရာ ရန်ကုန်ဆောင်းသည် အရိုးကွဲမတတ် ချမ်းအေး၏။

ပတ်ဝန်းကျင်တွင် လသည်ထိန်ထိန်သာလျက် မြို့အုပ်မင်းအခန်းရှိ အရိပ်နှစ်ခုသည်ကား ပူးကပ်ကာ တစ်ယောက်အပေါ်တစ်ယောက် ထပ်မတတ် နွေးထွေးစွာ အိပ်စက်နေ၏။ သို့သော် တစ်ဖက်အခန်းတွင် ယခုမှ နိုးလာဟန်ရှိသော အရိပ်သေးသေးလေးတစ်ခုမှာ ခေါင်းအုံးလေးပိုက်ကာ ထိုအခန်းဝတွင်ရပ်လျက်။

ယခင်ဖခင်ဖြစ်သူ မသိအောင် တက်အိပ်နေကျနေရာလေးတွင် သူစိမ်းယောကျ်ားတစ်ယောက် ဝင်အိပ်နေသည်အား အားငယ်စိတ်ပျက်သော အကြည့်ဖြင့် ကြည့်နေတော့၏။ ယနေ့ဖို့ သူ့တွင် အိပ်စရာနေရာမရှိတော့သဖြင့် ဝမ်းနည်းနေပုံလည်းရ၏။

အေးစက်သော ပတ်ဝန်းကျင်အား အင်္ကျီအပါးလေးတစ်ထည်နှင့် အန်တုနေသော ထိုအရိပ်သေးသေးလေး၏ တည်ရှိမှုအား စံအိမ်ထက်ရှိ အပျော်လွန်နေကြသော လူကြီးများ မေ့လျော့နေသည်မှာ ရက်စက်သော အမှန်တရားပင် ဖြစ်တော့၏။

***

## အပိုင်း(၇)

နံနက်ခင်း တေးသီကြူးသော ကျေးငှက်တို့၏အသံကြောင့် မိုမို အိပ်ရာမှ နိုးလာခဲ့၏။ မိုမို သည်အိမ်ကြီးသို့ ရောက်သည်မှာ ရက်သတ္တပတ် တစ်ပတ်ခန့်ပင် ပြည့်တော့မည်ဖြစ်ရာ ထိုတစ်ပတ်လုံး နေ့တိုင်းလိုလိုပင် မနက်အစောဒ္ဓ ကြီးကြီး၏ဘုရားရှိခိုး အမျှဝေသံကို ကျက်သရေရှိစွာ ကြားရတတ်၏။ ဤသို့နေ့စဉ် ကျက်သရေအပေါင်း ခညောင်းနေသော နံနက်ခင်းများတွင် နိုးထရသည်မှာ မိုမို့အတွက် ယခင်ဘဝတွင်ရော၊ ယခုဘဝတွင်ပါ ပထမဆုံးအကြိမ်ပင် ဖြစ်သည်။

မိုမို မိမိအား သိုင်းဖက်ထားသည့် နွေးထွေးလှသည့် ရင်ခွင်ကြီးကိုကျော်ကာ နံရံတွင် ချိတ်ဆွဲထားသော နာရီအား အကြည့်ရောက်မိတော့ (၅)နာရီတောင် ခွဲတော့မည် ဖြစ်သည်။ ခဏနေကြီးကြီး ဘုရားရှိခိုးလို့ပြီးတော့မည်ဖြစ်ရာ မိုမိုလည်း ပျင်းကြောတစ်ချက်ဆန့်ပြီး သွားတိုက် မျက်နှာသစ်ရန် အထ ...

"ဘယ်အချိန်ရှိပြီမို့လဲ။ နည်းနည်းလောက် ဆက်အိပ်ပါဦးလား"

"မိုမို့ကြောင့် နိုးသွားတာလားဟင်။ မောင်ဆက်အိပ်ချင်အိပ်လေ စောတာတော့ စောပါသေးတယ်။ မိုမိုက ကြီးကြီး မနက်စာလုပ်တာ သွားဝိုင်းကူချင်လို့"

"အေးရီတို့ ရှိပါတယ်ကွာ။ နေ့တိုင်း တကူးတက သွားမကူလည်း ရပါတယ်"

"မရပါဘူး။ ဟင်းချက်သင်ချင်လွန်းလို့ ကြီးကြီးကို ဘယ်လောက်တောင် ပြောထားရလဲ မောင်သိရဲ့လား။ ခုတောင်ကြီးကြီးက ယောကျ်ားလေးနဲ့ ထမင်းချက်တဲ့ကိစ္စဆိုတာ မအပ်စပ်ဖူးဆိုပြီး သင်ပေးချင်တာ မဟုတ်ဘူး ဗျ"

မိုမိုပြောရင်း နှုတ်ခမ်းစူကာ မျက်နှာကလေးမဲ့လာသဖြင့် မောင်က ပျာပျာသလဲနှင့် ...

"ဟုတ်ပါပြီဗျာ။ သင်ချင်သပဆိုလည်း သွားသင်ချည်။ ကျွန်တော်မျိုးကြီး မတားတော့ပါဘူး ဟုတ်ပလား ...။ မောင့်ကို နောက်(၁)နာရီလောက်နေရင် လာနှိုးပေးဦး"

"ဟုတ်"

မောင့်ဆီမှ ခွင့်ပြုချက်ရပြီးသည်နောက် ဝမ်းသာအားရစွာ ခေါင်းညိတ်၍ မျက်နှာသစ်ရန် ရေချိုးခန်းထဲသို့ အပြေးလေး ဝင်သွားလိုက်သည်။

***

မိုမို ကိုယ်လက်မျက်နှာဆေးပြီး ထမင်းစားခန်းထဲသို့ ဝင်လာသော် ကြီးကြီးက မုန့်ပန်းကန်များကိုပင် ထမင်းစား စားပွဲတွင် စီနေပြီဖြစ်သည်။

"အစောကြီး နိုးနေတာလားသား။ လာ ... လာထိုင်လေ"

"ဟုတ်ကဲ့ကြီးကြီး"

"ဟိုသားအဖတွေ အိပ်နေတုန်းလား။ သားကရော ဘာလို့အစောကြီး ထလာသတုံး။ အေးကအေးနဲ့ နည်းနည်း ထပ်အိပ်တာ မဟုတ်ဘူး"

"ကျွန်တော် ကြီးမေ မနက်စာလုပ်တာ ကြည့်ချင်လို့ အစောကြီးထလာတာ။ ဒါပေမဲ့ မမီလိုက်ဘူး"

"သည်နေ့က ကျုပ်ချက်တာ မဟုတ်ဘူးကွဲ့ ...။ မပုလေး စောစော နိုးတာနဲ့

သူကိုယ်တိုင် ချက်ထားနှင့်တာတဲ့။ ကျုပ်လာတော့ဖြင့် အကုန်လုံးတောင် ပြင်ဆင်ပြီးရော့ပြီ"

"အာ ... သည်လိုလား"

မိုမို စိတ်ပျက်စွာဖြင့် ရေရွတ်မိ၏။ သည်အိမ်ကြီး၌ မိုမို့အား ထမင်း မချက်စေချင်သည့်သူများမှာ ကြီးကြီး တစ်ယောက်တည်းမဟုတ် မအေးရီတို့၊ အရီးပုတို့လည်း အပါအဝင်ဖြစ်၏။ အကြောင်းမှာ မိုမိုသည် ယောက်ျား လေးတစ်ယောက် ဖြစ်သည့်အပြင် လက်ကလေးများမှာ သေး၍ နူးညံ့နေသောကြောင့် ဒဏ်ရာရလိမ့်မည်ဟုဆိုကာ မီးဖိုချောင်အတွင်းသို့ပင် ပေးမဝင်ချင်ကြ။ ကြီးကြီးက စူပုပ်နေသော မိုမို့ပုံစံကြောင့် ...

"ကဲပါလေ ... မနက်အစောကြီး စိတ်ကောက်မနေနဲ့တော့ လာဘ်တိတ်တယ်။ နေ့လယ်ကျ ကြီးမြိုင်ကိုယ်တိုင် သင်ပေးမယ် ဟုတ်ပလား။ ခု စားစရာရှိတာဖြင့် သေချာစား ဆော့မနေနဲ့တော့ ..."

"ဟုတ်ကဲ့"

မိုမို့မှာ အသက်ပြည့်ပြီးလို့ ယောက်ျားရနေပြီ ဖြစ်သော်လည်း သေးသေးကွေးကွေး ကိုယ်ကြောင့် ကလေးအငယ်လိုသာ ဆက်ဆံခံရ၏။ အမှန်မှာလည်း နုဒါလေးပြီးလျှင် သည်အိမ်၌ အသက်အငယ်ဆုံးမှာ မိုမိုပင်ဖြစ်ရာ မပြောသာတော့ချေ။ ကြီးကြီးက မိုမိုနှင့်အတူ တိတ်ဆိတ်စွာ စားသောက်ပြီး အပေါ်ထပ်သို့ ပြန်တက်သွား၏။ ခဏအကြာ အပေါ်ထပ်မှ မောင်ဆင်းလာလေ၏။

"နိုးလာပြီလား။ ကျွန်တော်က ခဏနေတက်လာပြီး နှိုးတော့မလို့"

"အင်း။ အိပ်မပျော်တော့တာနဲ့ မျက်နှာသစ်ပြီး ဆင်းလာလိုက်တာ"

"မောင် သည်ကနေ့ အလုပ်သွားရမယ်မလား"

"အင်းလေ နေ့တစ်ပိုင်းပါပဲ။ ဘာလို့လဲ ..."

"မဟုတ်ပါဘူး မေးကြည့်တာပါ။ ဒါနဲ့မောင်ထမင်းစားဖို့ ပြန်လာမှာလား ဟင်"

အမှန်တိုင်းပြောရလျှင် ရုံးနှင့်အိမ်မှာ ကားနှင့်သွားပါက သိပ်မဝေးသော်လည်း ကရိကထများသဖြင့် လွင်မင်းခန့်မောင် ဘယ်သောအခါမှ နေ့လယ်စာကို အိမ်ပြန်မစားဖြစ်။ ယခုလည်း ငြင်းမည်ဟု ပါးစပ်ပြင်ပြီးမှ မိမိအား မျက်လုံးရွဲကြီးများဖြင့် ကြည့်နေသော ယောက်ျားပေါက်စကြောင့် ပြောမည့်စကားတို့ကို ပြန်မျိုချလိုက်ရ၏။

"အင်း ... ပြန်စားမှာပေ့ါ ဘာလို့တုံး"

"ဟူး ... တော်သေးတာပေ့ါ။ သည်ကနေ့ နေ့လယ်စာကို ကျွန်တော် ကိုယ်တိုင်ချက်မှာလေ ..."

"တယ်ဟုတ်ပါလားကွ။ မောင့်ယောက်ျားရဲ့ လက်ရာကို စားခွင့်ရတော့မှာပေ့ါ။ နေ့လယ်ရောက်တဲ့ထိတောင် မစောင့်ချင်တော့ဘူးကွာ ..."

"မောင်ကလည်း အပိုတွေ ... ဒါပဲနော် ကျွန်တော်က ခုမှစချက်မှာဆိုတော့ လက်ရာမကောင်းရင်လည်း မောင်က ကျွန်တော် စိတ်ချမ်းသာအောင်လို့ ဟန်ဆောင်ပြီးဖြစ်ဖြစ် ကောင်းတယ်လို့ ပြောရမယ်နော်"

"ဟား ... ဟား ... မင်းကလိပ်ကလေးပဲ မိုမို"

မိုမို့အပြောကို မောင်က သဘောတကျ ရယ်မော၏။ မိုမိုကတော့ မောင်ရယ်လိုက်လျှင် ပေါ်လာသည့် သွားချွန်များကိုသာ တမေ့တမော လိုက်ငေး၏။ မနက်ခင်းသည် ခြွင်းချက်မရှိ ပြည့်စုံလှပေသည်။ ထိုသည်မှာ ထမင်းစားခန်းသို့ မသူဇာဝင်လာပြီး မောင့်အား ချွဲချွဲပျစ်ပျစ် နှုတ်မဆက်ခင် အထိသာ ဖြစ်သည်။

"ကိုမောင် အစောကြီး နိုးနေတာလား။ သူဇာ အိပ်ရာထတာ နည်းနည်း နောက်ကျသွားတယ်။ သားကမနေ့ညက တော်တော်နဲ့မအိပ်ဘဲ အီနေတာ ကြောင့်လေ ..."

"ရတယ် သားရော ... နေကောင်းတယ်မလား"

"ကောင်းပါတယ်ရှင် ...။ သူဇာ သားကို ကိုယ့်ကလေးလိုပဲ သေချာ ဂရုစိုက်ပါတယ်"

မောင်က သူမအပြောကို အသိမှတ်ပြုသလို ခေါင်းညိတ်ပြပြီး စားစရာရှိ သည်ကိုသာ ဆက်စားနေသော်လည်း မိုမိုကမူ သူမသုံးလာသော ရေမွှေး ပေါင်ဒါအနံ့ကြောင့် ဆက်မစားနိုင်တော့ပဲ ခေါင်းကိုက်လာရ၏။ မောင်က မိုမို့ပုံစံကိုကြည့်၍ ရိပ်မိသည်ထင်သည်။

"မောင် ဝပြီအချစ် ...။ မောင့်ကို ရုံးသွားဖို့ လာကူပါဦး"

"ဟုတ်ကဲ့"

"သည်ကနေ့ ဘယ်သွားဖို့ရှိသလဲ"

"ဘယ်မှ သွားစရာမရှိပါဘူး မောင်ရဲ့။ ဘာလို့ ... အာ ခဏနေကြီးကြီးနဲ့ ဈေးလိုက်သွားဖို့တော့ ရှိတယ်။ ဘာဖြစ်လို့လဲဟင်"

"ကားနဲ့သွား အပြင်မယ်နေပြင်းတယ်။ ကြီးကြီးပါပါတော့ မောင်ချစ်ကို ဈေးခြင်းလိုက်သယ်ချည်"

"ဟို ... ဟုတ် မိုမိုနားလည်ပါပြီ"

မိုမို ငြင်းမည်ပြင်သော်လည်း မောင်က မျက်ထောင့်နီကြီးဖြင့် ကြည့်လာ လေရာ ခေါင်းအမြန် ညိတ်လိုက်ရသည်။

အကြောင်းမှာ သည်တစ်ပတ် အတောအတွင်း မောင်က သူ့ရုံးမှ အကြီးအကဲများနှင့် မိုမိုတို့မင်္ဂလာဆောင်သို့ မလာနိုင်ခဲ့သော လူကြီးအချို့

အား ဂါရဝပြုရန် မိုမို့အား ဆွေပြမျိုးပြသဘော ခေါ်သွားရာ အပြင်မှ ပြန်လာသည်နှင့် မိုမိုဖျားတော့သည်။ နဂို အားနည်းသော ခန္ဓာကိုယ်ကြောင့်လည်း ပါမည်။ အခိကကတော့ နေရောင်ခြည်မထိတွေ့ဘဲ အိမ်ကြီးထဲတွင် အချိန်အတော်ကြာ ပိတ်လှောင်ခံထားရသဖြင့် နေရောင် နည်းနည်းခံမိသည်နှင့် အပူရှပ်ကာ ဖျားတော့၏။

အိမ်သို့ရောက်သည့် တစ်ပတ်အတွင်း (၇)ရက်ခန့်ဖျားနေသော မိုမို့အား မောင်က အကာအကွယ် အပြည့်စုံမပါဘဲ ခြံထဲသို့ပင် မဆင်းခိုင်းတော့။ တစ်ရက်လုံး အိပ်ခန်းထဲ အိပ်ချည်းနေရသည်မှာ ပျင်းလာသဖြင့် အိမ်အပြင်ခိုးထွက်လေရာ မောင်နဲ့တည့်တည့်တိုးလေ၏။ ညနေရောက်သော် ကိုယ်ပြန်ပူလာသောကြောင့် အဆူခံရလေသည်။ အတော်ပင် ကံဇာတာ ကောင်းနေသော မိုမိုပါလေ။

မောင်က သည်အတိုင်းဆိုလျှင် မိုမို့အား အလျှော့ပေးကာ တုန်နေအောင် ဂရုစိုက်ပေးသော်လည်း သူ့စကား နားမထောင်၍ တစ်ခုခုဖြစ်လျှင်တော့ ကြောက်စရာကောင်းအောင် ဒေါသထွက်တတ်၏။ ဤသည်ကို နှစ်ဘဝ မှတ်ဉာဏ်များအရ သိသော်လည်း မိုမိုလေးမှာ မသိချင်ယောင်ဆောင်ကာ စိတ်ထဲရှိသည့်အတိုင်းသာ လုပ်၏။ အဘယ်ကြောင့်ဆိုသော် တခြားသူဆိုလျှင်တော့မသိ မိုမို့အပေါ်တွင်တော့ ဘယ်လောက်ပင် ဒေါသထွက်ထွက် မောင်က တစ်ခါတလေတောင်မှ လက်မပါ။

မိုမို့အား"မောင် မင်းကို သိပ်စိတ်ပျက်တာပဲ"ဟုဆိုကာ အခန်းတံခါးအား ဝုန်းခနဲ ဆောင့်ပိတ်ကာ အခန်းအတွင်းသို့ ဝင်သွားလိမ့်မည်။ ထိုအခါ မိုမိုက မောင့်ရင်ခွင်ထဲသို့ အတင်းတိုးဝင်ပြီး ဖားလေးတစ်ကောင်လို ကပ်ကာ မိုမို နောက်မလုပ်တော့ပါဘူးဟု ပြောကာချော့မည်။ မောင်က စိတ်ဆိုးပြေလျှင်တော့ မိုမို့သဘောကျသည့် သွားချွန်များပေါ်ရုံပြုံးကာ" သိပ်ဆိုးတာပဲ

အချစ်ရယ်။ မောင်ကမင်းကို စိတ်ပူလို့ပြောနေတာ သိရဲ့လား အဆိုးလေးရဲ့"ဟု ဆူသလိုပြောကာ နှစ်ဦးသဘောတူ ပြေလည်ကြမည်ဖြစ်သည်။

***

မိုမို မောင့်အား ရုံးသွားရန်ပြင်ဆင်ပေးပြီး မောင့်ကားလေး ခြံထဲက ထွက်သွားမှ နုဒါလေးအားကြည့်ရန် အပေါ်ထပ်သို့ တက်လာလိုက်၏။ မသူဇာကမူ ထမင်းစားပွဲက မထသေးဘဲ မအေးရီအား ကော်ဖီမှုန့်နှပ်သည့်အခါ မည်သို့နှပ်ရကြောင်း ရှင်းပြနေလေ၏။

အခန်းတံခါးအား အသာကလေးဖွင့်ကာ အခန်းထဲသို့ဝင်လိုက်သည်နှင့် အောက်သိုးသိုးမှိုအနံ့က မိုမို့နှာခေါင်းသို့ လာရောက် မိတ်ဆက်သဖြင့် မျက်မှောင်ကြုတ်မိ၏။ အခန်းထဲရှိ ပြတင်းပေါက် တံခါးများမှာလည်း ပိတ်ထားပြီး လိုက်ကာမှာ ထူပိန်းသော ပိုးကတ္တီပါအစ ဖြစ်သောကြောင့် အခန်းအတွင်းသို့ နေရောင်ခြည် လုံးဝမရောက် မှောင်မည်းကာ အေးစက်နေ၏။

"ကျစ် ဒီမိန်းမ ကလေးကို နွေးနွေးထွေးထွေး မထားဘဲ ဘယ်လိုတွေ လုပ်နေသလဲမသိဘူး"

ပွစိပွစိပြောကာ လိုက်ကာစအား ဆွဲဖယ်လိုက်ပြီး ပြတင်းပေါက်အား တွန်းဖွင့်လိုက်၏။ ပြတင်းပေါက်မှာ တစ်ခါမှဖွင့်ထားပုံမပေါ် အလွန်ကျပ်နေကာ အားစိုက်ကာ တွန်းဖွင့်သော မိုမို့လက်ကောက်ဝတ်များပင် နာလာရ၏။ ဖွင့်လို့မရသည့် ပြတင်းပေါက်အား မောင်လာမှ ပြန်ပြင်ခိုင်းမည်ဟု တွေးကာ ခုတင်နားသို့ ပြန်လျှောက်လာ၏။ အခန်းထဲသို့ အလင်းရောင်လည်း ကောင်းစွာ ဝင်ရောက်နေပြီဖြစ်ရာ ခုတင်ပေါ်တွင် အိပ်ပျော်နေသော လူသားပိစိလေးအား အသည်းယားဖွယ် တွေ့လိုက်ရ၏။

နုဒါလေး၏ အသားအရောင်မှာ ကျောက်စိမ်းအရည်လို ဖွေးကြည်နေပြီး မျက်ခမ်းစပ်၊ နှာခေါင်းထိပ်၊ ခြေဖနောင့်၊ လက်ဖနှောင့်တို့မှာ နီထွေးနေသ

ဖြင့် မွေးကာစ နီတာရဲလေးနှင့်ပင် တူသေး၏။ ဖအေနှင့်တူသော မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်းတို့ကြောင့် လုံးဝပင် မောင်အသေးစားလေးလို ဖြစ်နေ၏။ ဘေးတစောင်းအိပ်နေသဖြင့် ပါးတစ်ဖက်မှာပိနေပြီး နှုတ်ခမ်းကလေးထော်ကာ အိပ်မောကြနေ၏။ ပါးစပ်မှ သွားရည်များသည်လည်း ပါးပြင်မှ တစ်ဆင့် ခေါင်းအုံးပါတွင် စိုစွတ်နေလျက်။

"အို ... ညစ်ပတ်ကလေးပဲ"

မိုမိုသားအား သွားရည်များ ထပ်မကျစေရန် စောင်းနေရာမှ ပက်လက်လှန်ပေးလိုက်ရာ ထိကိုင်မိသော လက်မောင်းသားတို့မှာ အေးစက်ကာနေ၏။ ပက်လက်လှန်လိုက်သဖြင့် ပေါ်လာသော မျက်နှာကလေးမှာ ဖြူဖျော့နေပြီး မျက်လုံးအောက်နားတွင်လည်း အိပ်ရေးပျက်သူလို ညိုမည်းနေကာ ကြည့်လိုက်သည်နှင့် ပုံမှန်မဟုတ်မှန်း သိသာလှ၏။

'ကလေးက ဒီလိုပုံဖြစ်နေတဲ့ဟာကို မောင်က မသိဘူးလား။ မသူဇာက ရော ဒီလိုပုံစံကို မြင်ရဲ့သားနဲ့ ဘာကြောင့် နေကောင်းတယ်လို့ ပြောရတာလဲ'

မိုမို သည်အိမ်သို့ ရောက်နေသည်မှာ တစ်ပတ်ခန့်ရှိပြီ ဖြစ်သော်လည်း တစ်ပတ်လုံး အပြင်သွားလိုက် နေမကောင်းဖြစ်လိုက်နှင့် လုံးချာလည် နေခဲ့သောကြောင့် နုဒါလေးနှင့် အခုမှတွေ့ရခြင်းဖြစ်သည်။ ထို့ပြင် သည်တစ်ပတ်အတွင်း နုဒါလေးမှာလည်း တစ်ခါမှ အခန်းပြင်ထွက်သည်မရှိ။ အချိန်ပြည့်အိပ်နေတတ်ပြီး ထမင်းစားချိန်တွင် သူဇာက အခန်းထဲသို့ ထမင်းသွားခွံ့ပြီး ရေချိုးချိန် သွားချိုးပေးလိုက်သည်ကိုသာ တွေ့ရ၏။

အရင်ဘဝက နုဒါလေးမှာ ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးခဲ့သည်ကိုသာ မိုမိုသိ၏။ မည်သည့်ရောဂါဖြင့် သေဆုံးခဲ့သည်ကိုမူ မသိခဲ့။ ဖြူဖျော့ကာ မကြာခင် ပျောက်ကွယ် သွားတော့မည့်ပုံ ပေါက်နေသည့်ကလေးငယ်မှာ

အားရစရာမရှိလှ။ သည်အတိုင်းဆို နုဒါလေး သေဆုံးခဲ့သည်က သာမန်ဟုတ်ပုံမရ။ မောင်ပြန်လာမှ ဆေးခန်းပြဖို့ရော နို့ထိန်းပြောင်းဖို့ပါ ပြောကြည့်ရမယ်ဟု ဆုံးဖြတ်ထားလိုက်သည်။

ထို့နောက် အေးစက်နေသော ကိုယ်လေးအား စောင်သေချာ ခြုံပေးပြီး ကြီးကြီးနှင့်ဈေးသွားရန် အောက်ထပ်သို့ ပြန်ဆင်းလာခဲ့လိုက်သည်။ ထမင်းစားခန်းထဲတွင်မူ ကော်ဖီပြဿနာ ဖြေရှင်းခန်းသည် ယခုထိ မပြီးသေး။

"ကျွတ် ... သည်လိုလုပ်ရတာ မဟုတ်ပါဘူးလို့ တို့ဘယ်နှခါပြောရမလဲ။ မှတ်မထားဘူးကွာ ...။ ရှင်က သတိမထားမိဘဲ လုပ်လိုက်ပေမဲ့ သည်ကာဖီမှုန့်တွေက ပေါပေါပဲပဲ မဟုတ်ဘူးရှင့်။ နိုင်ငံခြားဖြစ် ရှင့်သိရဲ့လား။ ကုန်တိုက်ကနေ တကူးတက သွားဝယ်ထားရတာ ရှင်ကမသုံးဖူးတော့ ပြောပြလည်း သိမယ့်ပုံမပေါ်ပါဘူး"

"သည်လိုဆိုလည်း ရှင့်ဟာရှင် သွားဖျော်လိုက်ပါလား။ ဘာလို့ ကျွန်မကို လာခိုင်းနေသေးလဲ။ လူတွေက အလုပ်မအားရတဲ့ကြားထဲ ..."

"ဟဲ့ သည်အိမ်မှာ ညည်းက အလုပ်သမားလေ အလုပ်သမားကို မခိုင်းလို့ အလှထိုင်ကြည့် နေရမှာလား ..."

"ဘာရှင့် ..."

သည်ရက်များအတွင်း သိလာရသည်က မသူဇာ၏စကားပြောပုံမှာ အလုပ်သမား အချင်းချင်းပင် ဖြစ်လင့်ကစား အကြောကြီးနှင့်ဖြစ်၏။ နုဒါလေးကြောင့် ကြီးကြီးတို့က တစ်ခုခုဆို ပြောမနေတော့ဘဲ အလျှော့ပေးလိုက်တာများ၏။ သည်အရာကပင် သူမအား သွေးနားထင်ရောက်စေကာ အိမ်ကြီးရှင်ဟု အထင်မှား စေခဲ့သည်ထင်၏။ သို့သော် အခုမိုမိုရှိနေပြီဖြစ်ရာ သည်လို အထင်မှားခွင့် မပေးနိုင်တော့ ...။

"မအေးရီ ဈေးသွားဖို့လုပ်တော့။ ခဏနေ ကြီးမေ ဆင်းလာတော့မယ်"

"ဟုတ်ကဲ့ အစ်ကိုလေး"

မအေးရီမှာ မိုမို့အားမြင်သည်နှင့် ကိုယ်ရှိန်သတ်ကာ ဈေးခြင်းတောင်းယူရန် ထွက်သွား၏။ ထို့အခါမှ စားပွဲတွင် ထိုင်နေသေးသည့် ထိုအမျိုးသမီးအား ...

"နောက်တစ်ခါ မအေးရီကို မဟုတ်ဘူး အိမ်က ဘယ်အလုပ်သမားကိုမဆို သည်လိုမျိုးပြောတာ မကြားချင်ပါဘူး မသူဇာ"

"အို ... ဘာလို့တုံး။ သူဇာက သည်လိုပဲ ပြောနေကြရယ်။ ကိုမောင်တောင် ဘာမှမပြောတာ ယူကဘာမို့ လာပြောနေရသလဲ"

"ခင်ဗျားက ငယ်ငယ်ရွယ်ရွယ်နဲ့ သိပ်မေ့တတ်တာပဲ မသူဇာ။ ကောင်းပြီလေ ဒါဖြင့် ကျွန်တော်ကပဲ မှတ်မိအောင် ပြန်ပြောပြပေးရတာပေ့ါ။ ကျွန်တော်က လွန်ခဲ့တဲ့တစ်ပတ်ကျော်ကပဲ မြို့အုပ်မင်းကြီး ဦးလွင်မင်းခန့်မောင်ရဲ့ ခမ်းခမ်းနားနား လက်ထပ်ယူခြင်းကို ခံခဲ့ရတဲ့ သူ့အိမ်ထောင်ဖက် ...။ မသူဇာကတော့ သားကိုစောင့်ရှောက်ဖို့ မောင်ပိုက်ဆံပေးပြီး ငှားထားတဲ့ အလုပ်သမား"

မိုမို့စကားကြောင့် မသူဇာမှာ မျက်နှာကြီးနီကာ ဆွေ့ဆွေ့ခုန်နေကာ ...

"ဟွန့် ... စိုင်ကော်လို့ ချုံပုံရောက်တဲ့အကောင်ကများ"

"ဘယ်လိုပဲဖြစ်ဖြစ် ခု ကျွန်တော်ဟာ သည်အိမ်ရဲ့အိမ်ကြီးရှင် ဖြစ်လာပြီမို့ စကားပြောဆင်ခြင်ပါ မသူဇာ။ သည်တစ်ခေါက်တော့ ရှိစေတော့။ နောက်တစ်ခါများဆို အထုပ်အရင်ပြင်ထားတာ ကောင်းမယ်။ ပြီးတော့ ခဏနေ သားနိုးလာရင် ကလေးကိုရေမိုးချိုး အဝတ်စားလဲပြီး သန့်သန့်ရှင်းရှင်း လုပ်ပေးထားပါ။ အခန်းကိုလည်း သန့်ရှင်းရေးလေး ဘာလေးလုပ်ပေးဦး။

ခင်ဗျားတစ်ယောက်တည်း မနိုင်ရင် ငုနဲ့နုတို့ ညီမကိုခိုင်း။ အခန်းကချဉ် စော်နံပြီး အောက်သိုးသိုးအနံ့ ထွက်နေပြီ"

"သူဇာကသားကို ကိုယ့်သားအရင်းလေးလိုချစ်တာပါ အစ်ကိုလေးက သည်လိုပြောလာတော့ သူဇာဖြင့် သိပ်ဝမ်းနည်းရတာပဲ"

ရုတ်တရက် မျက်နှာငယ်ချကာ မိုမိုပြောနေသည်နှင့် လားလားမှမအပ်စပ် သော စကားကိုထပြောသဖြင့် အနည်းငယ်ကြောင်သွား၏။ သို့သော် မမ ကြီးသင်ပေးခဲ့သော နှစ်ဘဝ အတွေ့အကြုံအရ စဉ်းလဲသောလူများ အကြောင်း နောကျေနေပြီဖြစ်သဖြင့် ...

"သားအခန်းကို သန့်ရှင်းရေးလုပ်ခိုင်တာ မသူဇာကို အဲ့လောက်တောင် ဝမ်းနည်းစေတာလား မသူဇာ။ သည်လိုဆိုရင်ဖြင့် စိတ်ညစ်ခံပြီး မလုပ်ပါနဲ့ တော့။ ကျွန်တော် ဈေးကပြန်လာမှပဲ ကိုယ့်ဟာကို ဝင်လုပ်လိုက်ပါမယ်"

မိုမိုပြောရင်း အသံတိုးဝင်သွားကာ သူမထက်ပင် မျက်နှာကို နှစ်ဆငယ် ပစ်လိုက်သည်။

"မဟုတ် ... သူဇာပြောချင်တာ အဲ့လိုမဟုတ်ပါဘူး။ အစ်ကိုလေး အထင်လွဲတာပါ။ လုပ်လိုက်ပ့ါမယ် သူဇာကိုယ်တိုင် သန့်ရှင်းရေး သွားလုပ် လိုက်ပ့ါမယ်"

ထိုနောက် ထိုအမျိုးသမီးမှာ ပြူးပြူးပြာပြာဖြင့် အပေါ်သို့ ခပ်သုတ်သုတ် တက်သွားတော့၏။

'အဟက် ... ခင်ဗျား ကျွန်တော်နဲ့ ရုပ်ရှင်ရိုက်တိုင်း ဆော့ချင်တယ်ပေ့ါ။ သရုပ်ဖြင့်ပီပြင်အောင် မဆောင်တတ်သေးဘဲနဲ့'

မိုမိုခပ်ချဉ်ချဉ်တွေးကာ မဲ့ပြုံးပြုံးကာ နောက်လှည့်ကြည့်သော် အမှန်ပင် ကြီးကြီးရောက်နေသည်ဖြစ်၏။

"သူဇာနဲ့ စကားများနေတာလား သားငယ် ..."

"မဟုတ်ပါဘူးကြီးကြီး။ သားအခန်းကို နည်းနည်း သန့်ရှင်းရေးလုပ်ခိုင်းရုံပါ ..."

"အေးပါကွယ် ...။ တစ်ခုခုဆိုသားကပဲ သည်းခံပေးပါ။ မင့်ယောက်ျားရောကြီးမြကပါ မြေးငယ်လေးနားမှာ အချိန်ပြည့် မရှိနိုင်ကြဘူးမလား။ အရေးအကြောင်းဆို မြေးငယ်လေးကို စောင့်ရှောက်ဖို့က အနားမှာရှိတဲ့လူကိုပဲ အားကိုးရမှာမို့ တချို့ကိစ္စတွေကို သိရင်လည်း မမြင်ချင်ယောင်ဘဲ ဆောင်နေလိုက်ပါကွယ် ..."

"ဟုတ်ကဲ့ပါကြီးမေ။ ကျွန်တော် နားလည်ပါပြီ ..."

ကြီးကြီးပြောသည်မှာလည်း သဘာဝကျသဖြင့် မိုမိုစကားနည်းရန်စဲသာ ခေါင်းညိတ်ပြလိုက်၏။ မကြာမီ မအေးရီမှာ ဈေးခြင်းတောင်းဆွဲပြီး ပြန်ထွက်လာသဖြင့် သုံးယောက်သား ကားပေါ်သို့တက်ကာ ဈေးသို့ ထွက်လာခဲ့လိုက်တော့သည်။

အပေါ်ထပ် အခန်းထဲတွင်မူ နွေးထွေးသောလေထုကြောင့် နှစ်ခြိုက်စွာ အိပ်မောကျနေသော ကလေးငယ်၏မျက်နှာမှာ ပြုံးယောင်သန်းလျက် ...။

***